*Volume 3 / Issue 1 / January / 2010*

*Enjoy free reading from B.C.F*

# † *Newsletter* - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

### ≺ ၂၀၁၀ နှစ်သစ်တွင်၊စိတ်နှစ်လုံးသင်းသွင်းရန်အမှာစကား ≻

ချစ်သောမိတ်ဆွေအပေါင်းတို့…၊

ဤ၂၀၁၀ခုနှစ်မှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍၊ အဘယ်သူမျှကြံ၍ မမှီနိုင်သောဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်တော်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မပါစေသောဝ်။…အာမင်။

သင်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏စကားတော်ကိုစေ့စေ့နားထောင်၍၊ပညတ်တော် တို့ကိုကျင့်စောင့်လျှင်၊ထာဝရဘုရားဘုရားသခင်သည်လူမျိုးတကာတို့ထက်သင့်ကိုချီးမြှောက်တော်မူမည်။

ထိုအခါ၊ သင့်၏အပေါ်သို့ သက်ရောက်လတံ့သော ကောင်းကြီးမင်္ဂလာများဟူမူကား၊…

- သင်သည် မြို့၌မင်္ဂလာရှိလိမ့်မည်။ တော၌မင်္ဂလာ ရှိလိမ့်မည်။
- သားသမီး အားဖြင့်၎င်း၊ မြေအသီးအနှံအားဖြင့်၎င်း၊ တိရစ္ဆာန်ဘွားသောသားငယ်အားဖြင့်၎င်း၊ သိုးနွား အစီးအပွားအားဖြင့်၎င်း မင်္ဂလာရှိလိမ့်မည်။
- ခြင်တောင်း၌၎င်း၊ မုန့်နယ်သော ခွက်၌၎င်း မင်္ဂလာရှိလိမ့်မည်။
- မိမိအိမ် ထဲသို့ဝင်သောအခါ မင်္ဂလာရှိလိမ့်မည်၊ ပြင်သို့ထွက်သောအခါ မင်္ဂလာရှိလိမ့်မည်။
- သင့်တဘက်၌ ထသောရန်သူ တို့ကို သင့်မျက်မှောက်၌ ထာဝရဘုရားသည် ဒဏ်ခံစေ တော်မူမည်။ သူတို့သည် တလမ်းတည်းဖြင့် သင်ရှိရာသို့ လာသော်လည်း၊ လမ်းခုနှစ် သွယ်ဖြင့် သင့်ရှေ့မှ ပြေးကြလိမ့်မည်။
- သင်၏ ဘဏ္ဍာတိုက်၌၎င်း၊ သင်ပြုလေရာရာ၌၎င်း၊ ထာဝရဘုရားသည် သင့်အပေါ်မှာ မင်္ဂလာရောက်စေခြင်းငှာ မိန့်တော်မူမည်။
- သင်၏ဘုရားသခင်ထာဝရဘုရား ပေးတော်မူသောပြည်၌ သင့်ကို ကောင်းကြီး မင်္ဂလာ ပေးတော်မူမည်။

အထက်ပါမင်္ဂလာ(၇)ပါးနှင့်ပြည့်ရန်၊ တစ်ခုတည်းသောလိုက်လျှောက်ရမည့်အရာမှာ၊ အနန္တဘုန်းတန်ခိုး၊ အာနုဘော်တော်အရှင် ထာဝရဘုရားသခင်၏ ပညတ်တော်တို့ကို နာခံ၍၊ စောင့်ရှောက်ခြင်းပေတည်း။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# Have a Great Happy New year

## ***Rejoice, Joy, Happy, Blessed and Peace***

Rejoice in the Lord always: and again I say, Rejoice.

God's greeting is to rejoice in life.

I say, Rejoice in the LORD and be glad, you righteous; praise, sing, all you who are upright in heart through out this New Year, 2010.

God's wish is, "You shall rejoice, you shall be happy," as scripture repeatedly says, in Psalms.126:5 “They that sow in tears shall reap in joy”.

God is intensely interested in you. You are special to Him. He wants you to be happy and fulfilled. "May the God of hope fill you with all joy and peace as you trust in him so that you may overflow with hope by the power of the Holy Spirit”. Romans.15:13

As you face a new year, God has a plan for your life. Here are some great verses to support that:

Psalms. 37:23- "The steps of a good man are ordered by the LORD: and He delighted in his way."

Ephesians. 2:10- “For we are God’s workmanship, created in Christ Jesus to do good works, which God prepared in advance for us to do.

Jeremiah.29:11- "For I know the thoughts that I think toward you, said the LORD, thoughts of peace, and not of evil, to give you an expected end."

Psalms. 32:8- "I will instruct you and teach you in the way you should go; I will counsel you and watch over you." –

Isaiah. 43:1- "But now thus says the Lord, who created you...He who formed you...I have called you by name, you are mine." –

It is of these that I believe the Psalmist speaks when he cries out,
“Happy / blessed are those, O God, whom thou drawest nigh to dwell in thy courts."
“Happy / blessed are those who walk in the way of the Lord.”

Let us turn this day beyond ourselves to God who beckons us toward life's highest joy, as in this New Year we begin sending one another greetings of true happiness.

------------------------------------------ Ma Social ----------

# ကျေးဇူးတော်ကိုချီးမွမ်းစို့

*ရေး–ကျော်ခက်ခဲ*

၂၀၀၉ခုနှစ်ကုန်ဆုံး၍၊ ၂၀၁၀–နှစ်သစ်သို့ဝင်ရောက်ခဲ့ပါပြီ။
ကျွန်တော်တို့ကိုးကွယ်ယုံကြည်သောဘုရားသခင်၏ ကျေးဇူးတော်သည် ချီးမွမ်း၍ မကုန်နိုင်ပါ။

* * * * * * * * *



* တနင်္ဂနွေနေ့ မနက်တိုင်း ကျွန်တော် အလုပ်လုပ် နေတဲ့ ဘုရား ရှိခိုးကျောင်းChurch မှာတံခါးဖွင့်ဖို့လုပ်တဲ့အခါတိုင်း၊အပြင်ဖက်စင်္ကြံန်မှာ အိမ်ရာမရှိသူတွေ(၆)ယောက်(၇)ယောက်ဟာ၊ တန်းစီပြီး အိပ်နေကြတယ်။ကြည့်လိုက်တဲ့အခါ လူဖြူပါတယ်။လူမဲပါတယ်။အမျိုးသမီးများလည်းပါပါတယ်။ကျွန်တော်ရောက်တဲ့အခါ၊အသံအနည်းငယ် ပြုလိုက်တယ်ဆိုရင်၊မကြာခင်မှာဘဲ၊အသီးအသီးမိမိတို့ရဲ့အိပ်ယာလိပ်တွေကို သိမ်းပြီးထွက်သွားကြပါတယ်။

သူတို့ရဲ့ အခြေအနေတွေကို ကြည့်ပြီး၊ ကျွန်တော်တို့ရဲ့လက်ရှိအခြေအနေကို ပြန်ကြည့်လိုက်ရင်၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အလွန်ချီးမွမ်းဖို့လိုအပ်ပါတယ်။ ကျွန်တော်မှာ အဲဒီလိုမအိပ်ရဘူး။ကျွန်တော်တို့ရဲ့အိမ်မှာသော်၎င်း၊ Apartment မှာသော်၎င်း၊ ကောင်းကောင်းနေကောင်းကောင်းအိပ်ကြရပါတယ်။ ဒါအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းမိရဲ့လား။

* * ကျွန်တော်တို့ အိမ်ကိုသွားတဲ့လမ်းမပေါ်မှာ ကြည့်လိုက်ရင်၊ အလုပ်မရှိလို့၊ အလုပ်ကို ထပြီးစောင့်နေကြရတဲ့ သူတွေကို တွေ့ရတဲ့အခါ၊ ကျွန်တော်သူတို့ကို ကိုယ်ချင်းစာမိပါတယ်။သူတို့ခမြာဒီတိုင်းပြည်မှာစာရွက်စာတန်းမရှိဘဲ၊ တရားမဝင်နေထိုင်လှုပ်ရှားနေကြရတယ်။ သူတို့ရဲ့မိသားစု စားဝတ်နေရေး အတွက်နည်း အမျိုးမျိုးနဲ့လုပ်ကိုင် နေထိုင်ရပါတယ်။ ကျွန်တော်တို့အနေနဲ့သူတို့ လောက် အခြေအနေ မဆိုးသေးပါဘူး။ လမ်းမပေါ်မှာထပြီး၊ အလုပ်တောင်းရအခြေအနေမရှိသေးပါဘူး။ ကျွန်တော်တို့အများစုဟာစာရွက်စာတမ်းနဲ့နေထိုင်ခွင့်ရပါတယ်။ စာရွက်စာတမ်းရဖို့ ကြိုးစားနေတဲ့သူတွေလည်းရှိပါတယ်။ကျိုးလန့်စာစားပြီးလုပ်ရတဲ့သူတွေ မရှိသေးပါဘူး။ဒါအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြရအောင်။

* * * ကျွန်တော် အလုပ်လုပ်တဲ့နေရာမှာ တနေ့တော့ အန္တိယမှမိတ်ဆွေတယောက်ကဆုတောင်းချက်တင်ပါတယ်။သူတို့ဆီက အချို့သောနေရာတွေမှာ ခရစ်ယာန်တွေကို သတ်ဖြတ်နေကြတယ်။ ခရစ်ယာန်တွေရဲ့ အိမ်များကို မီးရှို့ဖျက်ဆီးကြတယ်။ တော်တော်လေးကို ဒုက္ခရောက်နေကြရှာတယ်။ ကျွန်တော်တို့အနေနဲ့ ဘုရားသခင်ကို လွတ်လပ်စွာ ဝတ်ပြုကိုးကွယ် ခွင့်ရကြပါတယ်။ ဘာမှကြောက်စရာ မလိုပါဘူး။ ဒါတောင်မှ ဘုရားရှိခိုးဘို့ ပျင်းနေကြတယ်။ ဘုရားကျောင်းကို လာဘို့စိတ်မဝင်စားကြဘူး။ကျွန်တော်တို့ပြန်စဉ်းစားပြီး၊ ဘုရားသခင်၏ ကျေးဇူးတော်တွေကို ချီးမွမ်းသီဆိုကြပါစို့။

* * * * တနေ့မှာ ကျွန်တော်ဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်က Church Directory ကိုကြည့်မိပါတယ်။ အဲဒီ Directory ထဲမှာ ရှိတဲ့ဓါတ်ပုံတွေကို ကြည့်တဲ့အခါ၊ ကျွန်တော် တချို့ကိုသိပါတယ်။ တချို့ကြတော့မျက်မှန်းတန်းမိပါတယ်။ ဒါပေမဲ့ အဲဒီဓါတ်ပုံထဲမှာ ရှိတဲ့လူအတော်များများဟာ ယခုအသက်မရှင်ကြတော့ပါဘူး။ ကွယ်လွန်ခဲ့ပါပြီ။ ပြန်ပြီးဆင်ခြင်ကြည့်တဲ့အခါ ကျွန်တော်တို့ကိုယခုထိဘုရားရှင် အသက်ရှင်ခွင့် ပေးခဲ့တာကို ကျေးဇူးတင်လျက် အသက်ရှင်တုံးမှာ ဘုရားရှင်အတွက်ဆက်ကပ်လှုပ်ရှားဘို့လိုအပ် ပါတယ်။

* * * * * ကမ္ဘာတဝှမ်းလုံးကို ကြည့်လိုက်တဲ့အခါ တချို့သော တိုင်းပြည်တွေမှာ စစ်မက်ဘေးဒဏ်ကြောင့်လူတွေ သေကြေပျက်စီးကြရတယ်။ မိသားစုတွေ ကွဲပြားသွားရတယ်။ တချို့သော တိုင်းပြည်တွေမှာသဘာဝဘေးဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့နဲ့ သေကြေရတယ်။ တချို့တိုင်းပြည်တွေမှာတော့အစာရေစာ ခေါင်းပါးလို့ သေကြေပျက်စီးကြရတယ်။

ကျွန်တော်တို့အနေနဲ့ ဒီမှာကောင်းကောင်းနေ ကောင်းကောင်းစား ကောင်းကောင်းသွားလာနိုင်ပါတယ်။ဒါတွေအားလုံးအတွက် ဘုရားရှင်၏ကျေးဇူးတွေကိုချီးမွမ်းဘို့လိုအပ်ပါတယ်။ကျေးဇူးတော်တွေဟာ ချီးမွမ်းလို့မကုန်နိုင်ပါ။

ဒီကနေ့ကစပြီး၊ကျွန်တော်တို့အားလုံးဘုရားသခင်ရဲ့ကျေးဇူးတော်တွေကို ရေတွက်ချီးမွမ်းတဲ့၊ အသက်တာနဲ့ဆက်လက်အသက်ရှင်ကြပါစို့။ ။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## Be at Peace

St. Francis de Sales



Do not look forward in fear to the changes of life;

Rather look to them with full hope that as they arise,

God, whose very own you are, will lead you safely through all things;
and when you cannot stand it, God will carry you in His arms.

Do not fear what may happen tomorrow;

The same everlasting Father who cares for you today
will take care of you today and every day.

He will either shield you from suffering or will give you
unfailing strength to bear it.

Be at peace and put aside all anxious thoughts and imaginations.
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~